ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်

# ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရခိုင်ပြည်နယ်လွှတ်တော်

# ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥပဒေအမှတ် ၃ ။)

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်)

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အပိုင်း ၂ ၊ အခန်း(၂)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄။ (က) * * * * * *

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများအရ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းပေးနိုင်သည်။ ထိုသို့ ခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို လုပ်ငန်းလိုအပ်ချက်အရ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်လွှဲပြောင်းခြင်းနှင့် ထပ်မံလိုအပ်လျှက်ရှိသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအား ပြည်နယ်၏ ပိုလျှံအပ်နှံငွေများမှ လွှဲပြောင်းသုံးစွဲခြင်းတို့နှင့် ပတ်သက်၍ အကျိုးအကြောင်း ရှင်းလင်း ဖော်ပြချက်များနှင့်အတူ အနီးစပ်ဆုံး ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။"

၃။ ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အပိုင်း ၃ ၊ အခန်း(၂)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၉။ (က) ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဤဥပဒေ၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ဤဥပဒေအရ ခွင့်ပြုထားသောငွေများအတွင်း ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို လုပ်ငန်းလိုအပ်ချက်အရ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် လွှဲပြောင်းခြင်းနှင့် ထပ်မံလိုအပ်လျှက်ရှိသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအား ပြည်နယ်၏ ပိုလျှံအပ်နှံငွေများမှ လွှဲပြောင်းသုံးစွဲခြင်းတို့နှင့် ပတ်သက်၍ အကျိုးအကြောင်း ရှင်းလင်း ဖော်ပြချက်များနှင့်အတူ အနီးစပ်ဆုံး ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူပြီး ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်း ဖော်ပြရမည်။"

၄။ မူလဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေကြမ်း ဇယား(၃)အား နောက်ဆက်တွဲ(က)ပါအတိုင်းလည်းကောင်း၊ ဇယား(၄) အား နောက်ဆက်တွဲ(ခ)ပါအတိုင်းလည်းကောင်း၊ ဇယား(၆)အား နောက်ဆက်တွဲ (ဂ)ပါအတိုင်းလည်းကောင်း ပယ်ဖျက်ပြင်ဆင်ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ညီပု)
ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

နောက်ဆက်တွဲ(က)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပြင်ဆင်ဖြည့်စွက်မှုအခြေပြဇယား

ဇယား(၃)
(ကျပ်သန်းပေါင်း)

| မူလဥပဒေပါပြဋ္ဌာန်းချက် | | | | | | ပြင်ဆင်သည့်ဥပဒေပါပြဋ္ဌာန်းချက် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| အမှတ်စဉ် | | အကြောင်းအရာ | သာမန်ရငွေ | ပြည်ထောင်စုမှ ထောက်ပံ့ငွေ | မှတ်ချက် | အမှတ်စဉ် | | အကြောင်းအရာ | သာမန်ရငွေ | ပြည်ထောင်စုမှ ထောက်ပံ့ငွေ | မှတ်ချက် |
| ၆ | | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | **၁.၈၉၀** | - | **ပယ်ဖျက်** | ၆ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | **၃၀.၆၉၈** | - | **အစားထိုးပြင်ဆင်** |
| ၁၁ | | **မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန** | **၂၅.၆၈၁** | - | **ပယ်ဖျက်** | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | ၂၁.၈၁၃ | - | ပြောင်းလဲဖြည့်စွက် |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | ၂၁.၈၁၃ | - | အမှတ်စဉ် ၆ စဉ်ခွဲ ၂ သို့ ပြောင်းလဲဖြည့်စွက် | | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၃.၈၆၈ | - | ပြောင်းလဲဖြည့်စွက် |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၃.၈၆၈ | - | အမှတ်စဉ် ၆ စဉ်ခွဲ ၃ သို့ ပြောင်းလဲဖြည့်စွက် | | ၄ | သမဝါယမဦးစီးဌာန | ၁.၃၂၂ | - | ပြောင်းလဲဖြည့်စွက် |
| ၁၃ | | **သမဝါယမဝန်ကြီးဌာန** | **၃.၁၂၇** | - | **ပယ်ဖျက်** | | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁.၈၀၅ | - | ပြောင်းလဲဖြည့်စွက် |
| | ၁ | သမဝါယမဦးစီးဌာန | ၁.၃၂၂ | - | အမှတ်စဉ် ၆ စဉ်ခွဲ ၄ သို့ ပြောင်းလဲဖြည့်စွက် | ၇ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန** | **၃၁.၈၂၀** | - | **အစားထိုးပြင်ဆင်** |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁.၈၀၅ | - | အမှတ်စဉ် ၆ စဉ်ခွဲ ၅ သို့ ပြောင်းလဲဖြည့်စွက် | | ၁ | သစ်တောဦးစီးဌာန | ၂.၉၇၀ | - | ပြောင်းလဲဖြည့်စွက် |
| ၇ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန** | **၂.၉၇၀** | - | **ပယ်ဖျက်** | | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | - | - | ပြောင်းလဲဖြည့်စွက် |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | - | - | အမှတ်စဉ် ၇ စဉ်ခွဲ ၂ သို့ ပြောင်းလဲဖြည့်စွက် | | ၃ | သတ္တုတွင်းဦးစီးဌာန (ရခိုင်ပြည်နယ်ဆားလုပ်ငန်းရုံး) | ၂၈.၈၅၀ | - | ပြောင်းလဲဖြည့်စွက် |
| | ၂ | သစ်တောဦးစီးဌာန | ၂.၉၇၀ | - | အမှတ်စဉ် ၇ စဉ်ခွဲ ၁ သို့ ပြောင်းလဲဖြည့်စွက် | ၈ | | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** | **၅.၉၁၀** | - | **ပြင်ဆင်ဖြည့်စွက်** |
| ၁၂ | | **သတ္တုတွင်းဝန်ကြီးဌာန** | **၂၈.၈၅၀** | - | **ပယ်ဖျက်** | ၉ | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | **၀.၁၁၅** | ၁၄၀၄၀၈.၀၀၀ | အစားထိုးပြင်ဆင် |
| | ၁ | သတ္တုတွင်းဦးစီးဌာန (ရခိုင်ပြည်နယ်ဆားလုပ်ငန်းရုံး) | ၂၈.၈၅၀ | - | အမှတ်စဉ် ၇ စဉ်ခွဲ ၃ သို့ ပြောင်းလဲဖြည့်စွက် | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၁၁၀ | - | ဖြည့်စွက် |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပြင်ဆင်ဖြည့်စွက်မှုအခြေပြဇယား

ဇယား(၃)

(ကျပ်သန်းပေါင်း)

| မူလဥပဒေပါပြဋ္ဌာန်းချက် | | | | | | ပြင်ဆင်သည့်ဥပဒေပါပြဋ္ဌာန်းချက် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| အမှတ်စဉ် | | အကြောင်းအရာ | သာမန်ရငွေ | ပြည်ထောင်စုမှ ထောက်ပံ့ငွေ | မှတ်ချက် | အမှတ်စဉ် | | အကြောင်းအရာ | သာမန်ရငွေ | ပြည်ထောင်စုမှ ထောက်ပံ့ငွေ | မှတ်ချက် |
| ၁၄ | | **အားကစားဝန်ကြီးဌာန** | **၅.၉၁၀** | - | ပြင်ဆင်ဖြည့်စွက် | | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၀၅ | ၁၄၀၄၀၈.၀၀၀ | ဖြည့်စွက် |
| ၈ | | **ဘဏ္ဍာရေးဝန်ကြီးဌာန** | **၀.၀၀၅** | **၁၄၀၄၀၈.၀၀၀** | ပယ်ဖျက် | | | | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၀၅ | ၁၄၀၄၀၈.၀၀၀ | အမှတ်စဉ် ၉ စဉ်ခွဲ ၂ သို့ ပြောင်းလဲဖြည့်စွက် | | | | | | |
| ၁၀ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန** | **၀.၁၁၀** | - | ပယ်ဖျက် | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၁၁၀ | - | အမှတ်စဉ် ၉ စဉ်ခွဲ ၁ သို့ ပြောင်းလဲဖြည့်စွက် | | | | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပြင်ဆင်ဖြည့်စွက်မှုအခြေပြဇယား

ဇယား(၄)

(ကျပ်သန်းပေါင်း)

| မူလဥပဒေပါပြဋ္ဌာန်းချက် | | | | | | ပြင်ဆင်သည့်ဥပဒေပါပြဋ္ဌာန်းချက် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| အမှတ်စဉ် | | အကြောင်းအရာ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | မှတ်ချက် | အမှတ်စဉ် | | အကြောင်းအရာ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | မှတ်ချက် |
| ၂ | | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | **၂၉၄၂.၅၀၂** | **၄၄၃.၀၂၈** | **ပယ်ဖျက်** | ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | **၄၆၆၅.၉၂၆** | **၁၀၁၉.၇၇၈** | **အစားထိုးပြင်ဆင်** |
| ၇ | | **မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန** | **၉၀၁.၄၃၁** | **၃၀၅.၈၂၇** | **ပယ်ဖျက်** | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | ၆၀၀.၇၀၉ | ၂၁၈.၇၄၀ | ပြောင်းလဲဖြည့်စွက် |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | ၆၀၀.၇၀၉ | ၂၁၈.၇၄၀ | အမှတ်စဉ် ၂ စဉ်ခွဲ ၂ သို့ ပြောင်းလဲဖြည့်စွက် | | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၃၀၀.၇၂၂ | ၈၇.၀၈၇ | ပြောင်းလဲဖြည့်စွက် |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၃၀၀.၇၂၂ | ၈၇.၀၈၇ | အမှတ်စဉ် ၂ စဉ်ခွဲ ၃ သို့ ပြောင်းလဲဖြည့်စွက် | | ၄ | သမဝါယမဦးစီးဌာန | ၇၀၉.၅၇၁ | ၇၂.၅၈၅ | ပြောင်းလဲဖြည့်စွက် |
| ၁၀ | | **သမဝါယမဝန်ကြီးဌာန** | **၈၂၁.၉၉၃** | **၂၇၀.၉၂၃** | **ပယ်ဖျက်** | | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁၁၂.၄၂၂ | ၁၉၈.၃၃၈ | ပြောင်းလဲဖြည့်စွက် |
| | ၁ | သမဝါယမဦးစီးဌာန | ၇၀၉.၅၇၁ | ၇၂.၅၈၅ | အမှတ်စဉ် ၂ စဉ်ခွဲ ၄ သို့ ပြောင်းလဲဖြည့်စွက် | ၃ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန** | **၁၁၄၅.၈၃၈** | **၄၇၀.၃၃၆** | **အစားထိုးပြင်ဆင်** |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁၁၂.၄၂၂ | ၁၉၈.၃၃၈ | အမှတ်စဉ် ၂ စဉ်ခွဲ ၅ သို့ ပြောင်းလဲဖြည့်စွက် | | ၁ | သစ်တောဦးစီးဌာန | ၉၉၇.၉၁၇ | ၁၅၉.၇၂၆ | ပြောင်းလဲဖြည့်စွက် |
| ၃ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန** | **၁၀၈၁.၉၀၈** | **၄၄၁.၆၅၆** | **ပယ်ဖျက်** | | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၈၃.၉၉၁ | ၂၈၁.၉၃၀ | ပြောင်းလဲဖြည့်စွက် |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၈၃.၉၉၁ | ၂၈၁.၉၃၀ | အမှတ်စဉ် ၃ စဉ်ခွဲ ၂ သို့ ပြောင်းလဲဖြည့်စွက် | | ၃ | သတ္တုတွင်းဦးစီးဌာန (ရခိုင်ပြည်နယ်ဆားလုပ်ငန်းရုံး) | ၆၃.၉၃၀ | ၂၈.၆၈၀ | ပြောင်းလဲဖြည့်စွက် |
| | ၂ | သစ်တောဦးစီးဌာန | ၉၉၇.၉၁၇ | ၁၅၉.၇၂၆ | အမှတ်စဉ် ၃ စဉ်ခွဲ ၁ သို့ ပြောင်းလဲဖြည့်စွက် | ၄ | | **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** | **၃၆.၂၁၆** | - | **အစားထိုးပြင်ဆင်** |
| ၉ | | **သတ္တုတွင်းဝန်ကြီးဌာန** | **၆၃.၉၃၀** | **၂၈.၆၈၀** | **ပယ်ဖျက်** | | ၁ | ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး | ၃၆.၂၁၆ | - | ဖြည့်စွက် |
| | ၁ | သတ္တုတွင်းဦးစီးဌာန (ရခိုင်ပြည်နယ်ဆားလုပ်ငန်းရုံး) | ၆၃.၉၃၀ | ၂၈.၆၈၀ | အမှတ်စဉ် ၃ စဉ်ခွဲ ၃ သို့ ပြောင်းလဲဖြည့်စွက် | ၅ | | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** | **၉၀၆.၄၃၆** | **၁၅၀၈.၉၀၀** | ပြင်ဆင်ဖြည့်စွက် |

နောက်ဆက်တွဲ(ဂ)

ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပြင်ဆင်ဖြည့်စွက်မှုအခြေပြဇယား

ဇယား(၆)

(ကျပ်သန်းပေါင်း)

| မူလဥပဒေပါ | | | | | | ပြင်ဆင်ဖြည့်စွက်သည့်ဥပဒေကြမ်းပါ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| အမှတ်စဉ် | | အကြောင်းအရာ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | မှတ်ချက် | အမှတ်စဉ် | | အကြောင်းအရာ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | မှတ်ချက် |
| ၁ | | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | - | ၂၀၀၀၅.၉၂၈ | ဖြည့်စွက် | ၁ | | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | - | ၂၀၀၀၅.၉၂၈ | အစားထိုးဖြည့်စွက် |